**မြန်မာနိုင်ငံအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းစစ်တမ်း (၂၀၁၉) အစီရင်ခံစာမိတ်ဆက်ပွဲ Virtual Launch အခမ်းအနားကျင်းပ**

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၁) ရက်နေ့

နေပြည်တော်

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့သည် ဒိန်းမတ်နိုင်ငံ အစိုးရ၏ အကူအညီဖြင့် အပြည်ပြည်ဆိုင်ရာ သုတေသနအဖွဲ့အစည်းဖြစ်သည့် The United Nations University World Institute for Development Economics Research (UNU-WIDER)နှင့် ကိုပင်ဟေဂင်တက္ကသိုလ်တို့၏ နည်းပညာပူးပေါင်းဆောင်ရွက်မှုဖြင့် ကောက်ယူခဲ့သည့် မြန်မာနိုင်ငံ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း စစ်တမ်း(၂၀၁၉) အစီရင်ခံစာ မိတ်ဆက်ပွဲ Virtual Launch အခမ်းအနားကို ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၁)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်း အဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး H.E. John Nielsen မှ ရေရှည် တည်တံ့ခိုင်မြဲပြီး အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုအတွက် အစီရင်ခံစာ၏ အရေးပါမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပြီး UNU-WIDER နှင့် ကိုပင်ဟေဂင်တက္ကသိုလ်မှ Professor Mr. Finn Tarp က စစ်တမ်းအစီရင်ခံစာအား စိစစ်သုံးသပ်တင်ပြခဲ့ပါသည်။

ထို့နောက် ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်က စစ်တမ်းအစီရင်ခံစာ တွင်ဖော်ပြထားသည့် အဓိကတွေ့ရှိချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပါသည်။ အဆိုပါအစီရင်ခံစာသည် မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းများအား စောင့်ကြည့်လေ့လာသည့်စနစ် (Myanmar Enterprise Monitoring System)ကို တည်ထောင်ရာတွင် အထောက်အကူပြု နိုင်မည်ဖြစ်ပါသည်။


Virtual Launch of the
Myanmar Micro, Small and Medium Enterprise
Survey (2019) Report


Presentation by Finn Tarp
Introduction to The Myanmar Micro, Small and Medium Enterprise (MSME) Survey, 2017-2019 and Report Analysis
Virtual, 1 September 2020